

မဂဂဇင်း





မေတ္တာ၏ စွမ်းပကားသည် ကျယ်ပြောလှ၏။ သိမ်မွေ့နက်နဲ၏၊ ငြိမ်းအေးစေ၏၊ ချမ်းမြေ့ပျော်ရွှင် ဝမ်းမြောက်မှုကို ရစေ၏၊ ဒေါသမီးကို အရှိန်လျော့စေ၏၊ ရန်တုံ့ရန်လှို့ ချွဲးရဟတ်ကို ရပ်တံ့စေ၏၊ တွယ်တာ ငဲ့ညှာမှုကိုပေး၏။ စာနာကြင်နာမှုကိုဖြစ်စေ၏၊ မုန်းစကို တို၍ ချစ်စကို ရှည်စေနိုင်သည်မှာကား''မေတ္တာ''သာလျှင်တည်း။

ရှေးမြန်မာပညာရှင်ကြီးများဖြစ်ကြပေသော ရဟန်းစာဆို၊ လူစာဆိုရှင်တို့၏ မေတ္တာရေ့ထားကာ၊ သီကုံးတော်မူခဲ့ကြသည့် မေတ္တာစာ၊ ဆုံးမစာများ၏အကျိုးရလဒ်များသည်လည်း မွန်မြတ်နက်နဲ၍များစွာ တန်ဖိုးရှိလှချေသည်။

လူ့သဘာဝတွင် အခါအားလျော်စွာ အခြေအနေနှင့်အကြောင်းအမျိုးမျိုးတို့ကြောင့် မိမိတို့စောင့်စည်းအပ်သောတရားတို့ကို မေ့လျော့သည်လည်းရှိတတ်ကြသည်။ မောဟဖုံး၍ အလင်းပျောက်ကာအမှောင်သို့ ရောက်တတ်ကြသည်လည်းရှိသည်။

ရှေးစာဆိုရှင်များသည် လောကရေးကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းနှင့်တကွ လောကီ လောကုတ္တရာစာပေကျမ်းဂန်များကို ကျွမ်းကျင်တော်မူသည်နှင့်အမျှ ဘုရင်၊ မှူး မတ် မောင်းမ မိဖုရား၊ရဟန်းရှင်လူ ခပ်သိမ်းသူတို့အား မေတ္တာစာများ၊ ဆုံးမစာများဖြင့် သိမ်မွေ့စွာ ညွှန်းဆိုနိုင်ခဲ့ကြလေသည်။သူသူငါငါတို့ မေ့လျော့တတ်သော တရားများကို သတိတရဖြစ်စေရန်နှင့် နိုးကြားလာသော''မေတ္တာ''ဖြင့် တုံ့ပြန်ကူးလူးစေရန်အလို့ငှာ စွမ်းဆောင်နိုင်ခဲ့ကြလေသည်။

ဗုဒ္ဓဘာသာမြန်မာတို့၏ ကံသုံးပါးတို့အား သိမ်မွေ့စွာ ထိန်းနိုင်ခဲ့လေသည်။

(ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ သံဝေဂခန်းပျို့၊ ဂမ္ဘီသာရပျို့၊သံဝရပျို့....၊ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့နှင့် မေတ္တာစာများ၊ ရှင်ဝေဇေသာရ၏ ပြာဠိဟာခန်းပျို့၊ ကျည်းကန်ရှင်ကြီးမေတ္တာစာ၊ အသျှင်ဥက္ကံသမာလာမေတ္တာစာ၊ စိန္တကျော်သူဦးဩ၏ ဩဝါဒထူးပျို့၊ မုံရွေးဆရာတော်မေတ္တာစာ၊ဦးပုညမေတ္တာစာ........စသည်စသည့်များ)

''........နိုးဝေးရပ်သား၊ သူတို့အားကို၊ မသွားစေအောင်၊ ကျေးဇူးဆောင်လျက်၊ ပြည်ထောင်စုးကွပ်၊ ပညာက်မပွန်၊ လမ်းမှန်စိုက်စိုက်၊ ရာထပ်သိုက်လျက်၊ တိမ်တိုက်လှစ်ထွန်း၊ လအဝန်းသို့၊လေးကျွန်းရိပ်မှောင်၊ ဘုန်းအရောင်ဖြင့်၊ ပြောင်ပြောင်ဝင်းဝါ၊ ငြိမ်းချမ်းသာ၍၊ ပြည်ရွာတိုင်းကား ပွားစေမင်း။''
(ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့မှ)

''........သူ့ကိုအကျိုးလိုမှ ကိုယ်မှာအကျိုးရောက်သည်။ သူ့ကျေးဇူးကို အထူးသက်လုံးသိ၊ ကတိကိုလည်းမြဲလှစေ၊ သတိကိုလည်းစွဲနိုင်စေ၊ ပစ္စုပ္ပန်တဖြာ၊ သံသရာမရှုံး၊ ထုံးကိုလိုက်ချေမှ ပညာရှိမြောက်မည်၊ ထောက်ထောက်ထားထား၊ စဉ်းစား ဆင်ခြင်လေ့ရှိမှ အကျိုးရောက်သည်၊ သည်းခံဖြည်းညင်း၊ မတင်းနုတ်ချိုမှ၊ လူဗိုလ်မေတ္တာလောင်းသည်........''

(ကျည်းကန်ရှင်ကြီး မေတ္တာစာမှ)

ဤလအဖုံးတွင် မေတ္တာစာပေလွှာကိုဖတ်၍ ပီတိဖြစ်နေကြပုံကို ဖော်ညွှန်းထားပါသည်။

မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)

ဘာသာသာသနာနှင့်ယဉ်ကျေးမှုအနုပညာ



ရတနာမွန် မဂ္ဂဇင်း

မာတိကာ

အတွဲ-၁၅၊ အမှတ်-၁၁၊ ၁၉၈၈-ခုနှစ်၊ နိုဝင်ဘာလ

အယ်ဒီတာချုပ်
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible] (မြန်မာစာ[illegible])
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
([illegible])
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible] (မြ-၀၂၄၀၉)
[illegible]
[illegible]
[illegible]
[illegible] = ဦး[illegible]
(မြ=၀၂၉၁၃) [illegible]
[illegible]
[illegible]
အတွဲ=၁၅၊ အမှတ်=၁၁၊ [illegible]
[illegible]
[illegible]
[illegible] (၄၀၃)
[illegible] (၂၆၁)
တန်ဖိုး (၇) ကျပ် [illegible]



ဗုဒ္ဓ၏ ကိုယ်ထူ ကိုယ်ထ စနစ်

ယနေ့ခေတ်၌ 'ကိုယ်ထူကိုယ်ထ' စနစ်ဟူသောဝေါဟာရသည် ခေတ်စားတွင်ကျယ်လျက် ရှိပေသည်။ ယင်းဝေါဟာရသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော 'အတ္တနာထာ ဘိက္ခဝေ ဝိဟရထ' ဟူသောစကားတော်နှင့် ထပ်တူထပ်မျှကျသည်ဟူ၍ ဆိုနိုင်ပေသည်။


ဘိက္ခဝေ—ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ အတ္တနာထာ-မိမိကိုယ်သာလျှင် ကိုးကွယ်ရာ ရှိကုန်သည်၊ ဟုတွာ-ဖြစ်၍၊ ဝိဟရထ-နေကြကုန်လော့....။ အဓိပ္ပါယ်မှာ-သင်တို့သူတစ်ပါးကို အားမကိုးကြကုန်လင့်၊ ကိုယ့်ကိုယ်သာ အားကိုးကြ၊ သင်တို့သည် သူတစ်ပါးအား အားကိုးကြီးတစ်ခုပြု၍ မှီတွယ်ကြကုန်လင့်။ လွတ်လပ်စွာ ကိုယ့်အားကို ကိုယ်ကိုး၍ ကိုယ်စွမ်း ကိုယ်စဖြင့် ကိုယ့်ဘဝကိုကိုယ်တိုင် ထူထောင်၍ နေကြကုန်လော့—ဟူ၍ ဆိုခြင်းပင်တည်း။

ဗုဒ္ဓဘုရားသည် မိမိကိုယ်ကို မိမိအားထားရန် 'ကိုယ်ထူကိုယ်ထ' စနစ်ကို နေရာများစွာတို့၌ အခါများစွာ ဟောကြားတော်မူခဲ့ပေသည်။ ဤသို့ ဟောကြားတော်မူခြင်းမှာ—သူတစ်ပါးဆိုသည်မှာ-အပြင်ဗဟိဒ္ဓ၊ ဗာဟိရ ဖြစ်၍နေသောကြောင့်-အချင်းခပ်သိမ်းအားထားရသောအရာမျိုးမဟုတ်ချေ။ သူတစ်ပါးသည် မိမိ၏အကျိုးစီးပွားကို အစဉ်တစိုက်ရွက်ဆောင်ပေးလိမ့်မည်လည်း မဟုတ်ချေ။

'သူများလက်မှာ၊ ရှိဥစ္စာ၊ ကိုယ့်ဟာ မဟုတ်ဘူး' ဆိုသောအတိုင်း သူတစ်ပါးမှာရှိသောအားသည် မိမိ၏အားမဟုတ်သောကြောင့်-မိမိအလိုရှိသောအခါ အချိန်မရွေး အသုံးပြု၍ မဖြစ်ချေ။ ကိုယ်စွမ်းကိုယ်စ၊ ကိုယ်လုံ့လဖြင့် ကိုယ်ထူကိုယ်ထ, လုပ်ခြင်းသည်သာလျှင် မိမိ၏အားထားရာစင်စစ် ဖြစ်ပေသည်။ သူတစ်ပါးကို မှီခိုလိုသော စိတ်ရှိသူသည် မိမိ၏အစွမ်းအစကို အညွန့်ကျိုးအောင် ချိုးပစ်သည်နှင့်တူ၏။ ထို့ကြောင့် ဗုဒ္ဓက တပည့်တို့အား 'လူညွန့်တုံး၊ လူစ,တုံးများ, မဖြစ်စေခြင်းငှာ, အတ္တနာထာဝိဟရထ မိမိကိုယ်ကို မိမိအားကိုး၍ နေကြ' ဟု ဟောတော်မူခြင်းဖြစ်လေသည်။

သူတစ်ပါးကို မှီခိုအားထား၍နေရလျှင် အရာရာတိုင်းမှာ မိမိစိတ်တိုင်းကျ မပြုလုပ်နိုင်။ သူတစ်ပါး၏ အလိုသို့သာလိုက်၍ နေရ၏။ မိမိ၏ကိုယ်နှင့်စိတ်ကိုပင် ကိုယ်ပိုင်ဟူ၍ မဆိုနိုင်တော့ဘဲ သူတစ်ပါးလက်သို့လွှဲအပ်ထားရသကဲ့သို့ ရှိချေသည်။ ကိုယ်စိုးကိုယ်ပိုင် မဟုတ်သဖြင့်အရာရာ၌လွတ်လပ်ချောင်ချိခြင်းမရှိဘဲ ကျဉ်းမြောင်းကျပ်တည်းခြင်းသို့ ရောက်ရလေ၏။ ထို့ကြောင့်- ကိုယ်စွမ်း ကိုယ်စ ကိုယ်ထူ ကိုယ်ထစနစ်ကို အားမကိုးလေဘဲ သူတစ်ပါး၏ အစွမ်းသတ္တိကို အားကိုးခြင်းသည် လူဖြစ်ကျိုးမနပ်။ အရှုံးသာ အဖတ်တင်သည်ဟူ၍ ဆိုသင့်လှေတော့သည်။

သူတစ်ပါးကို အားကိုးလို၊ မှီခိုလိုသောသူသည် မိမိဘဝကို အညွန့်တုံးအောင် ချိုးနှိမ်ပစ်ရာ ရောက်သဖြင့် ထိုကဲ့သို့ လူညွန့်တုံး၊ လူစ,တုံး, အဖြစ်မျိုးသို့မရောက်စေခြင်းငှာ မြတ်စွာဘုရားသည်— အတ္တာဟိ အတ္တနောနာထော- မိမိကိုယ်သာ ကိုးကွယ်ရာဟူ၍လည်းကောင်း၊ အတ္တဒီပါဝိဟရထ-မိမိကိုယ်ကို ကျွန်းကြီးသဖွယ်ပြု၍ နေကြဟူ၍လည်းကောင်း၊ မိမိဘဝကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထူထောင်ကြရန် အုတ်မြစ်ချပေးသွားတော်မူကြောင်း ရေးသားဖော်ပြအပ်ပါသတည်း။ ။



ဝက်မိုက်ကြွား၍
ပြေးလွှားကြရ ဝက်ဒုက္ခ
မင်းသုဝဏ်
ပြန်ပြောသည်

BOASTFUL PIG RUNS HELTER-SKELTER

(SuKara Jataka No. 153)

RETOLD BY MINTHUWUN

၁

လွန်လေပြီးသောအခါ
ဘုရားအလောင်းတော်သည် ခြင်္သေ့ ဖြစ်၍
ဟိမဝန္တာအရပ်ရှိ တောင်နံရံ ဂူလိုဏ်တစ်ခုတွင်
နေ၏။ ထိုဂူနှင့် မနီးမဝေး
အိုင် တစ်ခုကို မှီ၍ ဝက် အများ
နေကြ၏။ ထို အိုင်ကိုပင် အမှီပြု၍
ရသေ့ တို့လည်း သစ်ရွက်တဲနှင့်
နေကြလေသည်။

1

Long ago,
the Bodhisatta was a lion
and lived in a cave
in the side of a cliff
in Himavunta. Nearby,
pigs lived beside a pool.
Hermits too lived in leaf huts
dependent on that pool.

၂

တစ်နေ့သ၌ ခြင်္သေ့သည်
ကျွဲ၊ ဆင် စသော သားကောင်တို့မှ တစ်မျိုးကို
ဖမ်းယူသတ်ဖြတ်ကာ အသားကိုစားပြီးလျှင်
အိုင်ထဲ ဆင်း၍ ရေသောက်၏။ ထို့နောက်
တက်ခဲ့လေ၏။ ထိုအခိုက်၌
ဝက်မိုက် တစ်ကောင်သည် အိုင်အနီးတွင်
ကျက်စားလျက် ရှိ၏။ ခြင်္သေ့လည်း
ဝက်ကို မြင်လျှင်—တစ်နေ့သောအခါတွင်
ဤ ဝက်ကို ငါ စားရမည်။ ယခု
မတော်တဆ ငါ့ကို မြင်သွားလျှင်
နောင်ကို သည်ဝက် လာတော့မည် မဟုတ်—ဟု
တွေးကာ အိုင်၏ အခြားတစ်ဘက်မှ
ကုပ်ကုပ်ကလေး ထွက်သွားလေသည်။
ဤသို့ ခြင်္သေ့ ကုပ်ကုပ်ကလေး
ထွက်သွားသည်ကို ဝက်မိုက် မြင်၍—
ဤ ခြင်္သေ့သည် ငါ့ကို မြင်၍
ကြောက်သဖြင့် ထွက်ပြေးလေသည်။
ယနေ့ ငါသည် တောတောင်သနင်း
ခြင်္သေ့မင်းနှင့် စစ်ချင်းပြိုင်ရလျှင်
သင့်တော်လေမည်—ဟု ကြံတွေးကာ
ခြင်္သေ့ကို စိန်ခေါ်လိုရကား
ဦးခေါင်းကို မော့၍ အောက်ပါ
ဂါထာကို ဟစ်ဆိုလေ၏။

ဂါထာ

စတုပ္ပဒေါ အဟံ သမ္မ၊
တွမ္ပိ သမ္မ စတုပ္ပဒေါ။
ဧဟိ သမ္မ နိဝတ္တဿု၊
ကိံ နု ဘီတော ပလာယသိ။

မြန်မာ

ခြေလေးချောင်းမျိုး ငါဖြစ်သည်။
အသင်သည်လည်း၊ ခြေလေးချောင်း။
အချင်းခြင်္သေ့ လာပါလော့။
ကြောက်၍အသင် ပြေးသည်လော။
ပြန်ခဲ့ပါလော့ အို အချင်း။

2

One day, the lion
killed a buffalo or elephant,
ate of the flesh
and went into the pool to drink.
when it stepped out of the pool
a foolish pig was feeding nearby.
The lion saw the pig and thought:
"I 'll eat this pig someday.
If it should see me now
it will not come again."
Then it slinked away
from another side.
The pig saw the lion
and thought:
"This lion saw me and ran away
in fear. It is right that I fight
with the king of the forest today."
So saying the pig raised its head
and challenged the lion.
"I am four-legged
and so are you.
Come hither, lion.
Do you run away in fear?
Come back, friend."



ဝက်၏ စိန်ခေါ်သံကို ကြားလျှင်
ခြင်္သေ့က–အချင်းဝက်။ ယနေ့
ငါတို့ စစ်မထိုးချင်သေး။

ခုနစ်ရက်လည့်သောအခါ ဤနေရာ၌ပင်
ငါတို့ စစ်ထိုးမည်–ဟု ချိန်းဆိုကာ
ထွက်ခွာသွားလေသည်။ ဝက်မိုက်လည်း
ခြင်္သေ့မင်းနှင့် စစ်ခင်းရတော့မည်ဟု
ဝမ်းပန်းတသာ ဖြစ်၍ ဆွေမျိုးသားချင်းတို့ကို
လျှောက်ပြော လေသည်။ ဆွေမျိုးတို့ကား
ဝက်မိုက်၏ စကားကို ကြားရလျှင်
အလွန် ကြက်သီးမွေးညင်းထ ကြောက်ရွံ့လှ၍–
ဟယ်၊ ဝက်မိုက်။ အသင်သည် ငါတို့အားလုံး
သေဆုံးကုန်အောင် လုပ်နေသည်တကား။
ကိုယ့်အစွမ်း ကိုယ့်သတ္တိကို မသိနားမလည်ဘဲ
ခြင်္သေ့မင်းနှင့် စစ်ခင်းချင်ဘိသည်။
ခြင်္သေ့ လာလျှင် ငါတို့အားလုံး
အစား ခံရတော့အံ့။ မဆင်မခြင်
ထင်သလို မလုပ်ကောင်းပါ–ဟူ၍
ဝိုင်းလျက် ပြစ်တင် ပြောဆိုကြလေသည်။
ထိုအခါမှ ဝက်မိုက်လည်း ထိတ်လန့်လာ၍–
သို့ဖြစ်လျှင် ကျွန်ုပ် ဘာလုပ်ရမည်နည်း–ဟု
မေး၏။ ဆွေမျိုးတို့က ဤသို့ အကြံပေး၏၊

အချင်း။ အသင်သည် ရသေ့တို့၏
ကျင်ကြီးစွန့်ရာ တွင်းကြီးထဲတွင် ခုနစ်ရက်
ကိုယ်ကို စိမ်၍ အခြောက်ခံပါ။

ခုနစ်ရက်မြောက်သောနေ့တွင် ကိုယ်ကို
ဆီးနှင်းပေါက်တို့နှင့် ဆွတ်လျက်
ခြင်္သေ့ နေမည့် နေရာ၏ လေတင်ဘက်တွင်
သွား၍ ရပ်နေပါ။ ပုပ်ဟောင်သော မစင်နံ့သည်
လေအောက်သို့ လွင့်ရောက်ပါလိမ့်မည်။
ခြင်္သေ့တို့မည်သည် အလွန် အသန့်ကြိုက်ပါသည်။
သင်၏ ကိုယ်သည် မစင်နံ့ဖြင့်
ပုပ်ဟောင်နေသည်ကို သိလျှင် ခြင်္သေ့သည်
စစ်မထိုးဘဲ အရှုံးပေးကာ ထွက်ပြေးလိမ့်မည်။

ဤသို့ ဆွေမျိုးတို့က အကြံပေးသည့်အတိုင်း
ဝက်မိုက်သည် တစ်သွေမတိမ်း လုပ်လေ၏။

The lion raplied to the pig's
challenge.
"Friend pig, I do not wish
to fight you today.
I'll meet you here a week hence."
Fixing the day, the lion want away.
The foolish pig wrs glad
to joust with the lion
and boasted to his relatives.
They shook with fear at his wards.
"Foolish pig, are you killing us all?"
Ignorant of your staength and spirit
you wish to challenge the lion king.
We will all be eaten when he comes.
Yous should not act unthinkingly,"
they blamed him.
Only then was the foolish pig
startled.
"If that is so, what should I do?"
The relatives advised him.
"Friend, soak for seven days
in the hermits' ecss-pit
and let yourself dry.
On the seventh day
wet yourself with dew
and stand upwind
of where the lion will be.
The stink of sewage
will be blown down-wind.
Lions like cleanliness.
Whehc the lion knows you stink
with sewage
he will run away without
engaging you.
The foolish pig acted as advised.



၃

ခုနစ်ရက်မြောက်သောနေ့တွင် ခြင်္သေ့သည်
ချိန်းထားသောနေရာသို့ ရောက်လာ၍
ကြိုတင်ရောက်နှင့်သော ဝက်မိုက်၏ကိုယ်မှ
မစင်ဟောင်းနံ့ ကို ရလျှင်–
အို၊ အချင်းဝက်။ သင်သည် အကြံပိုင်ပါပေ၏။
မစင်ပုပ်ဖြင့် လူးမထားပါလျှင် အသင်သည်
ဤတွင်ပင် သေပွဲဝင်ရလိမ့်မည်။ ယခုမူကား
အသင့်ကို နှုတ်သီးနှင့် ကိုက်ဖို့ဝေးစွ
ခြေဖြင့်ပင် မကန်ချင်ပါ။ ထို့ကြောင့်
သင့်အား အောင်နိုင်ခြင်းကို ငါ ပေး၏–ဟု
ဆိုလိုရကား ဒုတိယဂါထာကို ဖွဲ့သီလေ၏။

ဂါထာ

> အသုစိ ပူတိလောမောသိ၊
> ဒုဂ္ဂန္ဓော ဝါသိ သူကရ။
> သစေ ယုဇ္ဈိတုကာမောသိ၊
> ဇယံ သမ္မ ဒဒါမိ တေ။

မြန်မာ

> ညစ်ပတ်ပုပ်စပ် မွေးအမှင်
> အနံ့ဆိုးရှား လှိုင်လို့ပင်။
> စစ်ထိုးချင်သည် ဆိုပါက
> အသင် အောင်ပြီ ငါ လက်ချ။
> အို ဝက်ပုဇ္ဇ နေ့အ။

ထို့နောက် ဘုရားလောင်းခြင်္သေ့သည်
မိမိ လာရာဘက်သို့ ပြန်လှည့်၍
ထိုနေ့အဖို့ အစာကို ရှာလေသည်။
အိုင်ထဲ ဆင်း၍ ရေသောက်လေသည်။ ထို့နောက်
တောင်ဂူသိုက်သို့ ပြန်သွားလေသတည်း။
ဝက်မိုက်မှာမူကား မိမိသည် ခြင်္သေ့ကို
စစ်နိုင်လိုက်ပြီဟု ဆွေမျိုးသားချင်းတို့အား
ပျော်ကြမြွာလေ၏။ သို့သော်လည်း ဝက်တို့သည်
ခြင်္သေ့ လာလိမ့်ဦးမည်ကို တွေးကြောက်ကြသဖြင့်
အရပ် တစ်ပါးသို့ ပြေးသွား
ပြောင်းရွှေ့ကြလေသတည်း။ ။

(၁၅၀။ သူကရဇာတ်။ ၅၃)

မင်းသုဝဏ်

3

On the seventh day
the lion came
to the arranged place.
It caught the smell
of old sewage from the pig
who had got there first.
"Friend pig, you are smart.
Were you not smeared with sewage
you would die here.
Now, let alone touch you with
my snout
I would not kick you with my foot.
So I give you victory.
The lion then recited this second
verse.
"Your bristles stink
with malodorous muck.
If you wish to joust,
say you have won
and I lost, stupid pig."
Then the Bodhisatta lion
turned towards where he came from
and sought food for that day.
He went into the pool to drink
and returned to the hill cave.
The foolish pig to'd his relatives
that he had won against the lion.
But the pigs feared the lion
would return
so they ran away, moving
to another location.

Translated by win pe



ရတနာသုတ် ၆ သူ

''သော၊ ထိုသစ္စာလေးရပ်၊ တရားမြတ်ကို၊ တပ်အပ်ထင်ထင်၊ ဆတ်ဆတ်မြင်သော၊ အရှင်အရိယာသောတာပန်ပုဂ္ဂိုလ်သည်။ ကာယေနဝါ၊ ကိုယ်ဖြင့် လည်းကောင်း။ ဝါစဝါစာယဝါ၊ နှုတ်ဖြင့် လည်းကောင်း။ ဥဒ၊ ထိုမြို့ (ထို့အတူ)။ စေတသာဝါ၊ ကိုယ်လည်းမလှုပ်၊ နှုတ်လည်းမမြွက်၊ စိတ်သက်သက်ဖြင့်လည်းကောင်း။ ပါပကံ၊ မှေးမှေးမှိန်မှိန်၊ သေးသိမ်ယုတ်ညံ့သော။ ကမ္မံ၊ အကုသိုလ်နူ၊ မကောင်းမှုကို။ ကိဉ္စာပိကရောတိ၊ အကယ်၍ကား၊ တိမ်းပါးခဲ့ရေး၊ ပြုလုပ်မိတတ်သေး၏။ တထာပိ၊ ထိုသို့သတိလွတ်ကင်း၊ ချွတ်ယွင်းတိမ်းပါး၊ ပြုလုပ်မိငြားသော်လည်း။ သော၊ထိုသောတာပန်ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမိမိပြုသော၊ မကောင်းမှုအနည်းငယ်ကို။ပဋိစ္ဆာဒါယ၊ မပြောပလောက်၊ ပျောက်လွယ်ပြီးလွယ်၊ အနည်းငယ်တကား–ဟု၊ ဖုံးကွယ် လျှို့ဝှက်ခြင်းငှာ။ အ–ဘဗ္ဗော၊ မထိုက်။ ဒိဋ္ဌ–ပဒဿ၊ ဘေးခပ်သိမ်းတို့ငြိမ်းရာအမှန်၊ မြင်အပ်ပြီးသောနိဗ္ဗာန်ရှိသော'သောတာပန်'ပုဂ္ဂိုလ်မြတ်၏၊အဘဗ္ဗတာ၊ ပြုမိသမျှ၊ မှုပါပကို၊ ကာယဝစီ၊ မနသီဖြင့်၊ ထိုဤကောက်ကျစ်၊ ဖုံးလွှမ်းခြင်းငှာ၊မထိုက်သည်၏အဖြစ်ကို။ သတ္တရာ၊ ငါတို့ဆရာ၊ အစိန္တေ ...ဘုရားမြတ်စွာသည်။ဝုတ္တာ၊ဟောကြားတော်မူအပ်ပြီ။ နို့ဝင်ဘာ